**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**

**ပင်လုံစာချုပ်ချုပ်ဆိုခြင်း (၇၆) နှစ်ပြည့် အထိမ်းအမှတ် သဝဏ်လွှာ**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့

ကမ္ဘာ့အလည်တွင် တရားဝင် လွတ်လပ်သောနိုင်ငံတခုအဖြစ် ပေါ်ပေါက်လာစေသည့် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ခြင်းသည် ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် (၇၆) နှစ် တင်းတင်း ပြည့်ခဲ့ပြီဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် ယနေ့အထိ မလွတ်လပ်သေးပဲ ဒုက္ခဆင်းရဲသံသရာအတွင်းတွင်သာရှိနေသည်ကို စိတ်မကောင်းစွာဖြင့် မြင်တွေ့ နေရပါ သည်။

လွတ်လပ်ရေးအကြိုကာလတွင်ဖြစ်ပေါ်ခဲ့သော ဗမာဟုတ်သောတိုင်းရင်းသားအချို့၏ နိုင်ငံရေးတောင်းဆိုမှု ပြဿနာများကို မျက်ကွယ်ပြုပြီး ဖဆပလ (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး) အဖွဲ့၏ လက်ထဲသို့ မြန်မာပြည် လွတ်လပ်ရေးအပ်နှင်းခဲ့သည့် ဗြိတိသျှလေဘာပါတီအစိုးရ၏ ဆုံးဖြတ်ချက်နှင့်ပင်လုံစာချုပ်အကောင်အထည်ဖော်ရေး သဘောတူညီချက်ကို ချိုးဖောက်ခဲ့သည့် ဖဆပလ၏ အမှားများကြောင့် ယနေ့ မြန်မာ့နိုင်ငံရေး၏ ပဋိပက္ခမီး မှာ အရှိန်အဟုန်ကောင်းစွာ ဆက်လက်တောက်လောင်နေဆဲဖြစ်သည်။

တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို လက်ခံသည့်ပါတီ၊ အဖွဲ့အစည်းတိုင်းသည် ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်၏ အခြေခံများကို တော်လှန်ရေးကာလအတွင်း၌ ပင်လျှင် လက်တွေ့တွေးခေါ်ကျင့်သုံးခြင်းနှင့် သက်သေထူကြရန်လိုပြီး သမိုင်းအမှားသံသရာကို ကျော်လွှားကြရ မည်ဟု ယုံကြည်ပါသည်။

နိုင်ငံ၏ကံကြမ္မာကို တစ်စု/တစ်ဖွဲ့လက်ထဲအပ်နှံသည့် လွန်ခဲ့သည့်ကာလက အမှားများကို နိုင်ငံတကာ က လည်း ရှောင်ကျင်ရန်လိုအပ်ပြီး စစ်အာဏာသိမ်းယူမှုအလွန်၊ အသွင်ကူးပြောင်းရေး

ကာလတွင် အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများဖြင့် နိုင်ငံအနာဂတ်ကို အတူတကွ ဖော်ဆောင်ရန် မရှိမဖြစ် လိုအပ်ပါသည်။

တိုင်းရင်းသား ပြည်သူလူထုကြီးကလည်း --

၁။ ဖဆပလခေတ်တွင် အားကောင်းရှင်သန်လာသည့် ဗမာလူမျိုးကြီးဝါဒမှ စတင်ခဲ့သည့် စနစ်ဆိုးအမျိုးမျိုး ပပျောက်ရေးနှင့် နိုင်ငံရေးသဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ပျက်ကွက်သည့် မကောင်းသောအကျင့်ဓလေ့များကို အမြစ်ဖြတ်ရန်၊

၂) စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို ကို အမြစ်ပြတ် ချေမှုန်းရေးအတွက် နိုင်ငံရေးနိုးကြားတက်ကြွမှုနှင့် အမှန်တရားအပေါ်ရဲရင့် ခိုင်မာစွာ ရပ်တည်ရန် သံဋ္ဌိဋ္ဌာန်ပြုပြီး နိုင်သစ်ထူထောင်မှုတွင် စည်းလုံးညီညွတ်စွာ ပါဝင်ကြရန်ကိုလည်း ဤသဝဏ်လွှာအားဖြင့် တိုက်တွန်း အပ်ပါသည်။

**ဗဟိုအမြဲတန်းကော်မတီ**

**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**